# Pride International School Myanmar
# Academic Year 2020 - 2021
# Plan A: EYFS ကျောင်းပြန်လည်ဖွင့်လှစ်ရန် အတွက် ပြင်ဆင်ထားမှုများ

## ကျောင်းတက်ရက် နှင့် ကျောင်းချိန်များ

Pride ISM - EYFS ကျောင်း၏ Pre-Nursery, Nursery နှင့် Kindergarten အတန်းများကို နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁၂:၂၀ အထိ တနင်္လာနေ့ မှ သောကြာနေ့အထိ (အစိုးရ ရုံးပိတ်ရက်များမပါ) ကျောင်း၌ တစ်နေ့လျှင် စာသင်ချိန် (၅) ချိန်ဖြင့် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

| **Pre-Nursery, Nursery & KG** | |
|---|---|
| စာသင်ကြားချိန် | |
| ၁ | ၀၈:၃၀ - ၀၉:၁၀ |
| ၂ | ၀၉:၁၀ - ၀၉:၅၀ |
| အားလပ်ချိန် | ၀၉:၅၀ - ၁၀:၁၅ |
| ၃ | ၁၀:၁၅ - ၁၀:၅၅ |
| ၄ | ၁၀:၅၅ - ၁၁:၃၅ |
| ၅ | ၁၁:၃၅ - ၁၂:၂၀ |

## ကျောင်းသို့မလာမီ နှင့် လာရောက်စဉ် (မိဘနှင့် ကျောင်းသား/သူများ လိုက်နာရန် စည်းကမ်းချက်များ)

- မိမိတို့၏သား၊ သမီးများဖျားနာ၊ ချောင်းဆိုး နေမကောင်း ဖြစ်နေပါက ကျောင်းသို့ မလွှတ်ပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ Reception သို့ဖုန်းဆက်၍ sick leave ခွင့်တိုင်ပေးရပါမည်။

- ကျောင်းသား/သူများ နှင့် လာရောက်ပို့ဆောင်မည့်သူများသည် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စနစ်တကျ ဆေးကြောရပါမည်။

- ကျောင်းသား/သူများသည် ကျောင်းဝန်းအတွင်းတွင် ပါးစပ် နှင့် နှာခေါင်းစည်း (Mask) နှင့် မျက်နှာအကာ (Face Shield) များကို စနစ်တကျ တပ်ဆင်ထားရပါမည်။


- တစ်နေ့တာ လိုအပ်သည့် အစာအဟာရ (ထမင်း၊ မုန့်၊ ရေ) ကို အိမ်မှ စီစဉ်၍ ယူဆောင်လာရပါမည်။






## ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်

- ကျောင်းတက်ကြမည့် ကျောင်းသား/သူများသည် နံနက် ၈:၀၀ နာရီ အချိန်မတိုင်မီ ကျောင်းဝန်းအတွင်းသို့ ဝင်ရောက်ခွင့် ရရှိမည်မဟုတ်ပါ။
- မိဘအုပ်ထိန်းသူများသည် မိမိတို့၏ သား/သမီးများကို ကျောင်းကြို/ပို့ရာတွင် ကျောင်း၏ Security Card - ကျောင်းကြို လုံခြုံရေး စိစစ်ရေးကဒ်ကို ချိတ်ဆွဲထားပါရန်နှင့် မိမိတို့ မော်တော်ယာဉ်၏ အရှေ့ဘက်နေရာတွင် Pride ISM Car Pass ကို မြင်သာအောင် ထားရှိပြီး ကြို/ပို့ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ကျောင်းကြို/ပို့ကြမည့် မိဘများ၊ ယာဉ်မောင်းများအနေဖြင့် ယာဉ်အန္တရာယ် မဖြစ်ပေါ်စေရန်နှင့် ကျောင်းသား/သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက်  ကျောင်းမှခန့်အပ်ထားသည့် ယာဉ်လမ်းရှင်းရေးပြုလုပ်နေသော ဝန်ထမ်းများ၏ လမ်းညွှန်ချက်များကို လိုက်နာပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးစေရန်အတွက် အောက်ဖော်ပြပါ လမ်းညွှန်အတိုင်း တစ်လမ်းမောင်း စနစ်ဖြင့်သာ ကျောင်းကြို/ပို့ ပေးကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။




- ကျောင်းသား/သူများကို မိဘ/အုပ်ထိန်းသူများမှ ကျောင်းဝန်းအတွင်းသို့ ဝင်ရောက်၍ ကျောင်းကြို/ပို့ခြင်း များအား ခွင့်ပြုမည်မဟုတ်ပါ။

- ကျောင်းအတွင်းသို့ မလိုအပ်ဘဲ ဧည့်သည်များ ဝင်ရောက်မှုနှင့် လူအဝင်အထွက် ပြုလုပ်ခြင်းကို ထိန်းသိမ်းလိုပါသဖြင့် မိဘများအနေဖြင့် လိုအပ်၍ ကျောင်းအုပ်ချုပ်သူ၊ ဆရာ/မများနှင့် တွေ့ဆုံဆွေးနွေးလိုပါက နှစ်ရက်အလို ဖုန်းဖြင့်ကြိုတင်၍ Reception မှတစ်ဆင့် Appointment ယူထားရပါမည်။

- မြန်မာနိုင်ငံတော် အစိုးရ၏ လမ်းညွှန်ချက်များအရ မိဘ/အုပ်ထိန်းသူများနှင့် ကျောင်းသား/သူများ မည်သူမဆို ကျောင်းအတွင်းဝင်ရောက်ချိန်တွင် face masksများကို ဝတ်ဆင်ထားရမည်ဖြစ်ပါသည်။

- ကျောင်းဝန်းအတွင်းတွင် တစ်ဦးနှင့်တစ်ဦး အကွာအဝေး (Physical Distancing) ၆ပေခွာ၍ ရပ်ရန်၊ ထိုင်ရန် နေရာများ သတ်မှတ်ထားပါသဖြင့် ၎င်းသတ်မှတ်ထားသော နေရာများမှာပင် စောင့်ဆိုင်း၊ ရပ်နား၊ နေရာ ယူရမည်ဖြစ်ပါသည်။

- ကျောင်းသား/သူများသည် ကျောင်းဝန်းသို့ဝင်ရောက်ပြီးသည်နှင့် ကိုယ်ပူချိန် (temperature) စစ်ဆေးမှု ခံယူရပါမည်။ အကယ်၍ (ကိုယ်အပူချိန် ၃၈ ဒီဂရီစင်ဒီဂရိတ် သို့မဟုတ် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိနေပါက မိဘများမှ ကလေးကို ချက်ချင်း ပြန်လည်ခေါ်ယူရမည် ဖြစ်ပါသည်။ ချက်ချင်းလာရောက် ခေါ်ယူနိုင်ခြင်း မရှိပါက ကလေးအား ကျောင်းတွင် သတ်မှတ်ထားသော သီးသန့်အခန်း (Sick Bay) တွင် သီးခြား ထားရှိပြီး ပြန်လည်ခေါ်ယူချိန်အထိ စောင့်ရှောက်ထားပေးပါမည်။









- ထို့နောက်တာဝန်ကျဝန်ထမ်းများနှင့် ဆရာမများမှ ကြိုဆိုပြီး (Physical Distancing) အတိုင်း တန်းစီ၍ သတ်မှတ်ထားသော မြှားလမ်းကြောင်းများအတိုင်း ဝင်ရောက်၍ လက်ကို ရေ၊ ဆပ်ပြာရည်ဖြင့် စင်ကြယ်စွာဆေးရပါမည်။









## စာသင်ခန်းများ

- ကျောင်းသား/သူများသည် စာသင်ခန်းများသို့ physical distancing လမ်းညွှန်ချက်များ အတိုင်း တန်းစီ၍ ဝင်ရောက်ရမည် ဖြစ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူများအတွက် စာသင်ခန်းတိုင်းတွင် လက်သန့်ဆေးရည်ပုလင်းများ ထားရှိပေးထားပါသည်။
- စာသင်ခန်းများအတွင်းတွင်လည်း ကျောင်းသား/သူများအတွက် နေရာကို ဇပေခွာ၍ သတ်မှတ်ထားပါသည်။ ကျောင်းသား/သူများမှ သတ်မှတ်ထားသည့် နေရာများမှာသာ နေရာယူ၍ စာသင်ကြား/ယူ ရမည်ဖြစ်ပါသည်။









## Physical Development

ကျောင်းသား/သူများ၏ Physical Development အတွက် Outdoor ကစားကွင်းကို တစ်ရက်လျှင် အများဆုံး စာသင်ခန်းနှစ်ခန်း၊ တစ်ခန်းလျှင် ကျောင်းသားဦးရေ အများဆုံး ၁၅ ဦး အထိသာ ကစားခွင့် ပြုမည်ဖြစ်ပါသည်။ စာသင်ခန်း တစ်ခန်းမှ ကလေးများ ကစားပြီးသည်နှင့် နောက်တစ်ခန်းမှ ကလေးများ မကစားမီတွင် အသုံးပြုခဲ့သော ပစ္စည်းများကို သေချာစွာ ဆေးကြောသန့်စင်ထားပါမည်။





## အားလပ်ချိန် (Break Time)

အားလပ်ချိန် (Break Time) တွင် ကျောင်းသား/သူများမှ ယူဆောင်လာသော အစားအသောက်များကို အတန်းအလိုက် သတ်မှတ်ထားသော နေရာများတွင်သာ သုံးဆောင်ကြရပါမည်။ ယင်းအချိန်တွင်လည်း တာဝန်ကျ ဆရာ/မများ နှင့် ဝန်ထမ်းများမှ ကလေးများအား ကူညီစောင့်ရှောက်သွားမည် ဖြစ်ပါသည်။


## ကျောင်းသန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် ပြင်ဆင်ထားမှုများ

ကျောင်းသား/သူများ၊ ဆရာ/မများ နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုများကို အထူးအလေးထား ဆောင်ရွက်ထားပါသည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားပါသည်။











**မိဘ/အုပ်ထိန်းသူများနှင့် ကျောင်းသား/သူများ Covid-19 ကူးစက်ရောဂါ ကာကွယ်ရေးအတွက် မိမိတို့အိမ်တွင် အောက်ပါအတိုင်း ကြိုတင်လေ့ကျင့်ထားရန် နှိုးဆော်အပ်ပါသည်။**

- လက်ဆေးနည်း၊ Mask အသုံးပြုနည်း၊ အမှိုက်စနစ်တကျ စွန့်ပစ်နည်းများကို အလေ့အကျင့်ကောင်းရအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်။
- ကျောင်းမတက်မီ တစ်ပတ်အတွင်း ကျောင်းသား/သူနှင့် အတူနေမိသားစုတို့၏ ကျန်းမာရေးအခြေအနေနှင့် တစ်လအတွင်း ခရီးသွားမှတ်တမ်းများကို စာရင်းပြုစုထားရန်။
- Physical distancing လမ်းညွှန်ချက်များနှင့် သင့်လျော်သော အပြုအမူကောင်းများ လေ့ကျင့်ပေးရန်။
- နှာချေ ချောင်းဆိုးရာတွင်လိုက်နာရမည့် ကျင့်ဝတ်များကို လေ့ကျင့်ပေးထားရန်။
- ပါးစပ်နှင့် နှာခေါင်းစည်း Mask နှင့် မျက်နှာအကာ Face Shield များကို စနစ်တကျ တပ်ဆင်နိုင်ရန် လေ့ကျင့်ထားရန်။
- မိမိကိုယ်တိုင် မိမိပတ်ဝန်းကျင်ကို ပိုးသတ်ခြင်းနှင့် တစ်ကိုယ်ရေသန့် ရှင်းရေး ပြုလုပ်တတ်ရန်။
- အိမ်ပြန်ရောက်သည့်အခါ ကျောင်းစာသင်ချိန်တွင် ဝတ်ခဲ့သော အဝတ်များကို ချက်ချင်းလဲပါ။ အဝတ်ကိုမခါဘဲ အဝတ်တောင်းတွင်းသို့ထည့်ပြီး လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးရန်။

# Plan B: EYFS ကျောင်း Home-Based Online Learning အတွက် ပြင်ဆင်ထားမှုများ

Covid–19 အခြေအနေအရ Physical Classroom များ ဖွင့်လှစ်သင်ကြားရန် ခွင့်ပြုချက်မရရှိပါက Home-based Online Learning Programme ဖြင့် သင်ကြားရန် စီစဉ်ထားပါသည်။

## အသုံးပြုမည့် Online Learning Platform

- Zoom Meeting
- Seesaw Learning Platform

## သင်တန်းပို့ချမည့်နေ့ရက်များ

အပတ်စဉ် တနင်္လာနေ့ မှ သောကြာနေ့ အထိ (အစိုးရ ရုံးပိတ်ရက်များမပါ) Zoom Meeting အသုံးပြု၍ face-to-face စာသင်ကြားချိန်များ

| Pre-Nursery, Nursery & Kindergarten | |
|---|---|
| စာသင်ကြားချိန် | |
| 1 | 09:00 – 09:40 |
| အားလပ်ချိန် | 09:40 – 09:50 |
| 2 | 09:50 – 10:30 |
| အားလပ်ချိန် | 10:30 – 11:00 |
| 3 | 11:00 – 11:40 |
| အားလပ်ချိန် | 11:40 – 11:50 |
| 4 | 11:50 – 12:30 |

## သင်ခန်းစာများ

အချိန် နှင့် တပြေးညီ ထိရောက်သော face-to-face Zoom Meeting အတန်းချိန်များ နှင့် အတူ သင်ခန်းစာများ ပိုမိုကျွမ်းကျင်စေရန် ကျောင်းသား/သူများ၏ ကိုယ်ပိုင်အချိန်တွင်ပြုလုပ်ရမည့် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများကို Seesaw Learning Platform ပေါ်တွင် တနင်္လာနေ့ မှ သောကြာနေ့ အထိ နေ့စဉ်တင်ပေးသွားမည်ဖြစ်ပါသည်။

## သင်ကြားပို့ချမည့် ဘာသာရပ်များ

English Language, Mathematics, Understanding of the World, Arts & Design, Music, Myanmar Language, Chinese Language/Additional English နှင့် Physical Development တို့ ဖြစ်ပါသည်။

### Assignment

Assignment များကို ကျောင်းသား/သူများမှ ပြီးမြောက်အောင် ဆောင်ရွက်ပြီးလျှင် Seesaw Learning Platform ပေါ်တွင် ပြန်လည်ပေးပို့ရပါမည်။ သက်ဆိုင်ရာ ဆရာမများမှ စီစစ်ပေးပြီး ကျောင်းသား/သူများ၏ Journal များတွင်ပေးပို့၍ Assignment များ မည်မျှပြီးမြောက်ပြီး ဖြစ်ကြောင်းကို မှတ်တမ်းတင်ထားမည် ဖြစ်ပါသည်။

*အထက်ဖော်ပြပါအစီအစဉ်နှင့် အချက်အလက်များသည် အခြေအနေ အရပ်ရပ်ပေါ်မူတည်၍ အပြောင်းအလဲရှိနိုင်ပါသည်။